## အထွေထွေအတွင်းရေးမှူး၏ အစီရင်ခံစာ
## (၂၀၀၄ – ဒီဇင်ဘာ)

၁။ ပါတီက ၁၉၄၇ ခုနှစ် အခြေခံဥပဒေ ရေးဆွဲရာမှာ ဝင်ပါခဲ့ပါတယ်။ ၁၉၆၇ မှာ မဆလ စစ်အအစိုးရက အခြေခံဥပဒေရေးဆွဲတော့ ဝင်မပါခဲ့ပါဘူး။ ဝင်ပါနိုင်တဲ့အခြေအနေလဲ မရှိပါဘူး။ မိတ်ဆွေများက 'အနာဂတ် အခြေခံဥပဒေ' နဲ့ ပတ်သက်ပြီး ပါတီရဲ့ အခိုင်အမာတင်ပြချက်ကို ရှင်းပြဖို့ အကြိမ်ကြိမ် ပြောခဲ့တာ ရှိပါတယ်။ ပါတီက တန်းတူတဲ့ သွေးစည်းတဲ့ ပြည်ထောင်စုတခု တည်ထောင်ဖို့ (မူ) ကိုပဲ ပြောခဲ့ပါတယ်။ သူတို့က အခိုင်အမာ ပြောစေချင်ကြတာပါ။ ပါတီက အခိုင်အမာအသေးစိတ် ပြောရမယ့်အချိန် ရောက်မှပဲ ပြောသင့်တယ်လို့ထင်လို့ မပြောခဲ့ပါဘူး။ ဒီမိုကရေစီရှိတဲ့ ပတ်ဝန်းကျင် ရောက်မှပဲ အခိုင်အမာ ဆွေးနွေးကြတာပေါ့လို့ပြောပြီး ရှောင်ခဲ့ပါတယ်။

၂။ အခိုင်အမာ အသေးစိတ်ပြောရမယ့်အချိန် ဘယ်တော့ရောက်မလဲ။ ဒါကို ဟိုတုန်းက မိတ်ဆွေတွေကို ရှင်းပြခဲ့သလို အခုလည်း ထပ်ပြီးရှင်းပြကြရပါမယ်။

ပါတီရဲ့ 'အခြေခံရပ်တည်ချက်' က အခြေခံဥပဒေဆိုတာ တော်လှန်ရေးအောင်မြင်ပြီးမှ သရဖူဆောင်းရတဲ့အလုပ်ပဲလို့ မြင်ပါတယ်။ အာဏာရလာတဲ့ အင်အားစုက အခြေခံဥပဒေကို အသေးစိတ်ရေးဆွဲတင်ပြပြီး ဝိုင်းဆွေးနွေးကြရတာ ဖြစ်ပါတယ်။

ကမ္ဘာမှာ အဲဒီလိုပဲ လုပ်ကြပါတယ်။ ၁၇၇၆ အမေရိကန်လွတ်လပ်ရေးတိုက်ပွဲ နိုင်တော့မှ အခြေခံဥပဒေကို ၁၇၈၇ မှာ ရေးဆွဲပါတယ်။ ရုရှားမှာ၊ တရုတ်မှာလည်း အဲဒီလိုပါပဲ။ ဘယ်မှာဖြစ်ဖြစ် အဲဒီလိုပဲ လုပ်ကြပါတယ်။

၃။ ၁၉၄၇ မှာ ဝင်ပါခဲ့တာက လွတ်လပ်ရေး အရေးတော်ပုံ အောင်မြင်ပြီဖြစ်လို့ ဝင်ပါခဲ့တာပါ။ ဖဆပလ သရဖူဆောင်းတဲ့အချိန်ပါပဲ။ ဖဆပလ က ရေးဆွဲတင်ပြတာပါ။ အင်္ဂလိပ်က ရေးဆွဲပေးတာ မဟုတ်ပါဘူး။ အဲဒီတုန်းက ကျွန်တော်တို့ မကြိုက်တာက အင်္ဂလိပ်ပါလီမန်က အတည်ပြုပေးနေတာကိုပါ။ ဒါကလည်း တော်လှန်ရေး တဝက်တပျက်နိုင်တဲ့ သဘောမို့ပါ။ လုံးဝဥဿုံနိုင်တဲ့သဘော မဟုတ်လို့ပါ။ ဘာပဲဖြစ်ဖြစ် ပါတီက ဝင်ပါခဲ့ပါတယ်။ ပြောစရာ ရှိတာ ပြောခဲ့ပါတယ်။ လွတ်လပ်ရေးအောင်ပွဲ လုပ်တော့လည်း တပျော်တပါးဝင်ပြီး ဆင်နွှဲခဲ့တာပါ။

၄။ ၁၉၇၄ မှာ မဆလ ရေးဆွဲတော့ ဆန့်ကျင်ပါတယ်။ ဒါကလည်း နေဝင်းက သူ့ "တော်လှန်ရေး' အောင်မြင်ပြီဆိုပြီး ကိုယ့်ဘာသာ ကိုယ်ကောက် 'သရဖူ' ဆောင်းလိုက်တာပါ။ ပါတီက လက်မခံပါဘူး။ ဆန့်ကျင်ပါတယ်။ တိုက်ဖျက်ဖို့ ကြိုးစားပါတယ်။ ၁၉၈၈ ကျမှ အောင်မြင်ပါတယ်။ ၁၉၇၄ အခြေခံဥပဒေတော့ ပျက်သွားပါတယ်။ ဒါပေမဲ့ စစ်အုပ်စုအသစ်က အာဏာရသူ ဖြစ်သွားပါတယ်။

အခုလည်း သန်းရွှေတို့က အောင်ပွဲရပြီဆိုပြီး 'ညောင် ၂ ပင်' လုပ်နေတာပါ။ သရဖူကို ကိုယ့်ဘာသာ ကိုယ်ကောက်ပြီး ဆောင်းချင်တာပါပဲ။ ကျွန်တော်တို့က ဆန့်ကျင်ပါတယ်။ တိုက်ဖျက်မှာပါ။ နေဝင်းတုန်းကနဲ့ မတူလို့ တမျိုးတဖုံ ဆန့်ကျင်ရမှာပါ။

၅။ တကယ်က ၁၉၉၀ ရွေးကောက်ပွဲနိုင်တဲ့ NLD/CRPP က "အခြေခံဥပဒေ" ရေးဆွဲရမှာပါ။ ပါတီက ဘယ်လောက်ထိ စဉ်းစားထားသလဲဆိုရင် NLD က 'ညောင် ၂ ပင်' မှာ ဝင်ပါနေရင် ကျွန်တော်တို့ရဲ့ 'ဗဟိုအဆင့်မြင့် လေ့လာရေးအဖွဲ့' ကို 'ညောင် ၂ ပင်' ကို လွှတ်ပြီး ပါဝင်စေဖို့အထိ စဉ်းစားထားပါတယ်။ (အဲဒါအတွက်) ဝန်ကြီးချုပ်လုပ်နေတဲ့ ဗိုလ်ခင်ညွန့်ဆီကို စာပေးဖို့ လမ်းတခု ပြင်ထားခဲ့ပါတယ်။

အခုလည်း ဝန်ကြီးချုပ်သစ် ဗိုလ်စိုးဝင်းကို အဲဒီစဉ်းစားချက် သိစေချင်ပါတယ်။ NLD ကသာ 'ညောင် ၂ ပင်' တက်ရင် CPB က အဆင့်မြင့် လေ့လာရေးအဖွဲ့ 'ညောင် ၂ ပင်' ကို လွှတ်ချင်တယ်ဆိုတာ သိဖို့ပါ။

၆။ 'ငြိမ်းအဖွဲ့' တွေ 'ညောင် ၂ ပင်' တက်သင့်တယ်လို့ အကြံပေးနေတာကိုလည်း တပါတည်း ရှင်းပြချင်ပါတယ်။ သူတို့က လွတ်လပ်တဲ့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ခွင့်ရှိတဲ့ အဖွဲ့တွေပါ။ 'အခြေခံဥပဒေ' ရေးဆွဲရေးဖြစ်စဉ်မှာ သူတို့ တခါမှ ဝင်မပါခဲ့ပါဘူး။ ၁၉၄၇ က ပါခဲ့တာက အထက်လွှာက စော်ဘွားတွေ၊ ဒူးဝါးတွေ၊ တောင်ပိုင်တွေပါ။ အခု အောက်ခြေ လူထုကို ကိုယ်စားပြုသူတွေဖြစ်တဲ့ မိတ်ဆွေတွေ (အတွေ့အကြုံပဲရရ) ပါစေချင်ပါတယ်။ သူတို့အနေနဲ့ အတွေ့အကြုံ (၃) ခု ရစရာ ရှိပါတယ်။

(က) ဗမာလူမျိုးကြီး စစ်ဝါဒီစစ်အုပ်စုဟာ တန်းတူရေးနဲ့ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေးကိုတောင် လက်မခံဘူးဆိုတာ သိလာလိမ့်မယ်။ ပြည်ထောင်စုဆိုင်းဘုတ် ချိတ်ထားတဲ့ စစ်အုပ်စုကြီးစိုးတဲ့ တပြည်ထောင်စနစ်ကိုပဲ အသေအလဲ လုပ်ကြမှာကို သိလာလိမ့်မယ်။

(ခ) ဒီမိုကရေစီကျင့်စဉ်ကို စစ်အုပ်စုက လက်မခံဘူးဆိုတာ သိလာလိမ့်မယ်။ ပြောချင်တာ (အကန့်အသတ်နဲ့) ပြောကြ၊ စစ်အုပ်စုလုပ်ချင်တာ လုပ်မှာပဲဆိုတာကို သိလာလိမ့်မယ်။

(ဂ) ဖဆပလ ပြည်ထောင်စုစနစ်မျိုးကိုတောင် ပြန်မသွားဘူးဆိုတာ သိလာလိမ့်မယ်။

ငြိမ်းအဖွဲ့တွေကို သတိပေးချင်ပါတယ်။ ကိုယ့်အချင်းချင်း သွေးမကွဲကြပါနဲ့။ UWSA လိုအဖွဲ့က တရုတ်ပြည်ရဲ့ ပုံစံမျိုး ပြောမယ်။ တခြားအဖွဲ့တွေက ပြည်ထောင်စုပုံစံ တမျိုးမျိုး ပြောမယ်။ ဘယ်သူပြောတာကိုမှ ဗမာလူမျိုးကြီး စစ်အုပ်စုက လက်ခံမှာ မဟုတ်ပါဘူး။ မုံ့ဆီကြော် မရှိသေးဘဲ နှုတ်ခမ်းနာနဲ့ တည့်မတည့် ကိုယ့်အချင်းချင်း ငြင်းကြခုန်ကြ ရန်ဖြစ်ကြ လုပ်မနေသင့်ပါဘူး။

၇။ ‘ညောင် ၂ ပင်’ ထဲက မိတ်ဆွေတွေကို အချင်းချင်း အလဟဿ ငြင်းမနေဖို့ ပြောပြီးတဲ့နောက်မှာ ပြည်ပမှာနေပြီး ‘ညောင် ၂ ပင်’ သပိတ်မှောက်တယ်ဆိုတဲ့ မိတ်ဆွေတွေကိုလည်း အကြံပေးချင်ပါတယ်။ ဗမာပြည်ဟာ ၁၇၇၆ တုန်းက အမေရိကန်က ကိုလိုနီတွေလို တိုင်းပြည်မျိုး မဟုတ်ပါဘူး။ ဟိုမှာ လုပ်ခဲ့တဲ့ (၁၃ ပြည်နယ်က) ပုံစံမျိုးကို စိတ်ကူးယဉ်မနေကြပါနဲ့ ဆိုတာပါပဲ။

ပြည်ပမှာနေပြီး အမေရိကန်ရဲ့ပုံစံမျိုးလုပ်ဖို့ စိတ်ကူးယဉ်ကြရင်

(က) ကိုယ့်အချင်းချင်း စကားများမယ်။

(ခ) ရသေ့ကြီးရဲ့ ‘တနေကုန် အချိန်ဖြုန်းဖို့ ဖေဒါကို ရေခပ်ခိုင်းထားတဲ့ လုပ်နည်း’ မျိုးပဲ ဖြစ်သွားမှာပဲ ဆိုတာပဲ။

၈။ ဘာလုပ်သင့်သလဲ။ CPB ရဲ့အမြင်ကို တင်ပြပါမယ်။

(က) SPDC ရဲ့လက်ထဲက အာဏာကို NLD/CRPP လက်ထဲ ရောက်အောင်လုပ်ဖို့။ NLD/CRPP ကသာ အခြေခံဥပဒေ ရေးဆွဲခွင့်ရှိအောင် လုပ်ဖို့။ အနည်းဆုံး အခြေခံဥပဒေရေးဆွဲရေးမှာ အဆုံးအဖြတ်အခန်းက NLD/CRPP ရှိနေစေဖို့။

(ခ) အာဏာလွှဲပြောင်းရေးကို အကြမ်းမဖက်တဲ့နည်းနဲ့ ပြောင်းလဲဖို့ လုပ်တာမှန်သမျှကို အားပေးဖို့။

(ဂ) ငြိမ်းချမ်းစွာ ကူးပြောင်းရေးလမ်းကြောင်းအားလုံး ပိတ်သွားရင် အကြမ်းဖက်တော်လှန်ရေး ရွေးလမ်းကိုပဲလိုက်ဖို့ ကျန်ပါတယ်။ လူထုကို မှီခိုမှ တော်လှန်စစ် ဆင်နွှဲနိုင်တယ်ဆိုတဲ့ အမှန်တရားကို လက်ခံပြီး လူထုကို အတွေးအခေါ်အရ စည်းရုံးရေးအရ ပြင်ထားဖို့ ဖြစ်ပါတယ်။

၉။ စစ်အာဏာရှင်စနစ်လား၊ ဒီမိုကရေစီလား၊ ဒီတိုက်ပွဲ မပြတ်သေးပါဘူး။ ၁၉၅၈ ခုနှစ်ကတည်းက ဒီပြဿနာ စပေါ်ခဲ့တာပါ။ ၁၉၆၂ မှာ ပြဿနာက ပြက်ပြက်ထင်ထင် ဖြစ်လာပါတယ်။ အခုဆိုရင် ၄၂ နှစ် ရှိပါပြီ။

၄၂ နှစ်အတွင်းမှာ ပါဝင်တဲ့ ဇာတ်ကောင်တွေလည်း ပြောင်းခဲ့လှပါပြီ။ ဘယ်လိုပဲ ပြောင်းပါစေ၊ ဒီပြဿနာကို ကျွန်တော်တို့က ဆုံးခန်းတိုင် ဖြေရှင်းဖို့ အားထုတ်နေမှာပါပဲ။ တပါတီလုံး ဒီသန္နိဋ္ဌာန် ပြင်းပြနေဖို့ လိုပါတယ်။

၁၀။ ဖြစ်ပေါ်ပြောင်းလဲမှုတွေက မြန်လွန်းပါတယ်။ အစစအရာရာ ပြင်ထားသင့်ပါတယ်။ သန်းရွှေ အတွင်းစည်းဝိုင်းဖွဲ့တော့မယ်လို့ ပါတီက တင်ပြပြီး (၇) ရက်ပဲ ကြာလိုက်တယ်။ ‘ဒီပဲယင်း’ဖြစ်တာပဲ။ အတွင်းစည်းဝိုင်း ပီပီပြင်ပြင် ပေါ်လာတယ်။

စစ်အုပ်စု ကွဲတာဟာ ဖဆပလ ကွဲတာနဲ့ တူမှာမဟုတ်ဘူး။ ပြင်းထန်လိမ့်မယ်။ နက်ရှိုင်းလိမ့်မယ်လို့ ပြောလို့မှ အသံမစဲသေးဘူး၊ သန်းရွှေက ဗိုလ်ခင်ညွန့်ကို အပြတ်ဖြုတ်ပစ်ပါတယ်။ နောင်မှာလည်း ဖြစ်ပေါ်ပြောင်းလဲမှုတွေက မြန်ပါလိမ့်မယ်။ ကိုယ့်အခက်အခဲပဲမြင်ပြီး စစ်အုပ်စုအခက်အခဲကို မမြင်ကြရင် လင်းရောင်ခြည်ပျောက်ပြီး ကိုယ့်အတွင်းမှာပဲ တရားခံရှာတာနဲ့ အလုပ်ရှုပ်နေကြရင် အချိန်ကောင်း လက်လွတ်နိုင်ပါတယ်။ ကိုယ့်တာက ကိုယ် ‘ဒီမို ၂၀၀၆’ ကို တဆင့်တိုးပြီး လုပ်သင့်ပါတယ်။

၁၁။ ဗမာပြည်ရဲ့ အပြောင်းအလဲကို ဘယ်တိုင်းပြည်က ပုံစံကိုမှ ပုံတူကူးချလို့ မဖြစ်ပါဘူး။ ‘အခြေခံဥပဒေ’ ကိစ္စမှာ အမေရိကန်ပုံစံ၊ တရုတ်ပုံစံ၊ အိန္ဒိယပုံစံ ဘယ်ပုံစံကိုမှ ကူးချလို့ မဖြစ်သလို၊ ဒီမိုကရေစီတော်လှန်ရေးမှာလဲ ကူးချစရာပုံစံ ရှာမနေသင့်ပါဘူး။ ကိုယ့်လမ်းကိုယ်ထွင်ကြရပါမယ်။